KZN'PM
PROJECT MANAGEMENT

# PROJECT MANAGEMENT

## Project Management 49 Process & 10 Knowledge Area




အပိုင်း (၁)

PROJECT MANAGER တစ်ယောက်လုပ်တော့မယ်ဆိုရင်

PROFESSIONAL

# *Ko Zar Ni Project Management Knowledge Sharing*

## KZN PROJECT MANAGEMENT







" စာရေးသူ အမှာစာ "

မြန်မာနိုင်ငံတွင် နိုင်ငံတကာနဲ့ ရင်ဘောင်တန်းပြီး တိုးတက်ဖွံ့ဖြိုးလာတာနဲ့ အမျှ Project စီမံခန့်ခွဲမှုသည် အထူးလိုအပ်လာပါသည် ။ ထို့ကြောင့် စာရေးသူသည် မိမိ လုပ်ဆောင်နေသော Project များတွင် လိုအပ်ချက်များ ၊ အခက်အခဲများအား ကိုယ်တိုင် လေ့လာ ဖြေရှင်းရင်း မိမိလို Project Management အား စိတ်ဝင်စားသော ကျောင်းသား/သူများ၊ လုပ်ငန်းရှင်ကြီးများ အတွက် ရည်ရွယ်ပြီး မိမိသိရှိထားသည်များကို 2016 ခုနှစ်မှ စတင်ပြီး KZN Project Management Facebook Page မှ တဆင့် Project Management နှင့် ပတ်သက်သော ဆောင်းပါးများ၊ Ebook များကို အပါတ်စဉ်ဝေမျှလေ့ရှိပါသည်။

ထို့မှတဆင့် ယခုတစ်ခါ Project Management Professional (PMP) သင်တန်းတက်ရောက်ရန် အချိန်မပေးနိုင်သေးသော သူများအတွက်  Project Management နှင့်ပတ်သက်ပြီး လိုအပ်သည်များကို မျှဝေလိုခြင်း၊  PMI Project Management Professional (USA) နှင့် Prince 2 Project Management (UK) ကို မြန်မာဘာသာဖြင့်ထုတ်ဝေလိုသည်ခြင်း ရည်ရွယ်ချက်များဖြင့် ဤစာအုပ်ကို ရေးသားပြုစုထုတ်ဝေခဲ့ပါသည်။

ထိုစာအုပ်အထဲတွင် နားလည်သဘောပေါက်မှတ်မိလွယ်သော Project Management Templateကို ထည့်သွင်းထားခြင်းနှင့် စာဖတ်မပျင်းစေရန် ရုပ်ပုံလေးများ ထည့်သွင်းထားပြီး စံနှုန်းပြည့်မှီစေရန်အတွက် နိုင်ငံနှင့် အဝှမ်းတွင် သုံးစွဲနေကြသော USA အခြေစိုက် Project Management Institute မှ ထုတ်ဝေထားသော Project Management Professional Guide Book 6th Edition ထဲမှ အဓိက ကျသော အချက်များအား ထုတ်နှုတ်ရေးသားထားပါသည်။
ပထမဦးဆုံးရေးသားထုတ်ဝေထားသော စာအုပ်ဖြစ်သည့်အတွက် အဆင်မပြေမှုများ မပြည့်စုံမှုများတစ်စုံတစ်ရာရှိခဲ့ပါက နားလည်ပေးကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။ လိုအပ်သည်များကို ဝေဖန်အကြံပြုနိုင်ရန်အတွက်
ဖုန်းနံပါတ် 09775611188       နှင့် kznprojectmanagement@gmail.com သို့ ဆက်သွယ်ပေးပို့ မေးမြန်းနိုင်ပါသည်။

KO ZAR NI (PROJECT MANAGEMENT)

# Ko Zar Ni Project Management အပိုင်း (၁)

## Chapter 1 to 3




Project Management Introduction



Project Management Enviroment



49 Process Project Management Overview



Project Management 10 Knowledge Area Overview

## Chapter ( 1 ) Project Management Introduction

1.1 History of Management (စီမံခန့်ခွဲမှု သမိုင်းကြောင်း)

1.2 Management (စီမံခန့်ခွဲမှု)

1.3 Project (စီမံကိန်း)

1.4 Operation

1.5 Project Vs Operation

1.6 Project Management Vs Operation Management

1.7 An Organization (အဖွဲ့အစည်း တစ်ခုဆိုတာ)

1.8 Belbin 9 Team Role (အောင်မြင်သော Team Role တစ်ခုမှာ ပါဝင်သော Role များ)

1.9 Top 10 Project List to be Succeed (Project အောင်မြင်ရန် အကြောင်းတရား ၁၀ချက်

1.10 Project Failure ဖြစ်ပေါ်ရသော အကြောင်းအရင်းများ

1.11 Project Manager ရွေးချယ်ရန် Criteria များ

1.12 PM တစ်ယောက်ရဲ့ Leadership & Interpersonal Skills

## Chapter ( 2 ) Project Management Environment


2.1 Portfolio ဆိုသည်မှာ

2.2 4Stages of Strategy

2.3 Portfio Management

2.4 Portfolio Manager

2.5 Operation/Program Manager

2.6 3Step of Management

2.7 Project Manager

2.8 Project Manager Tools

2.9 Construction Manager

2.10 Program Manager Vs Construction Manager Vs Project Manager

2.11 Type of Managers

2.12 Project Expediter & Project Coordinator



## Chapter ( 2 ) Project Management Environment



2.13 Project Constraints (Project ကန့်သတ်ချက်များ)

2.14 Business Value

2.15 Business case & Strategic Planning

2.16 Measuring the Project (Project Success ကို တိုင်းတာခြင်း)

2.17 Enterprise Environmental Factors (EEF)

2.18 Organizational Process Assets (OPA)

2.19 Project Governance

2.20 Organization Culture

2.21 Types of Organizational Structure

2.22 Organizational ဖွဲ့စည်းတည်ဆောက်ပုံအရ Influence Level နှင့် Authority

2.23 Project Management Office နှင့် လုပ်ဆောင်ချက်များ

2.24 Project Management Information System

# Chapter ( 3 ) Project Management Process

3.1 Process Vs Cost & Resources

3.2 Time Vs Risk

3.3 Project Management Process

3.4 5 Process Group (Initiation, Planning , Execution, Monitoring & Controlling, Closing)

3.5 Benefit of 49 Project Management Process

3.6 49 Project Management Process Overview

## Initiation

3.6.1 Project Charter ရေးဆွဲခြင်း

3.6.2 Identify Stakeholder (Projct Stakeholder များ ရွေးချယ် သတ်မှတ်ခြင်း)

## Planning

3.6.3 Project Management Plan ရေးဆွဲခြင်း

3.6.4 Scope Management Plan ရေးဆွဲခြင်း

3.6.5 Collect Requirements (လိုအပ်ချက်များ စုစည်းခြင်း)

3.6.6 Define Scope (လုပ်ဆောင်ရမည့် အကြောင်းအရာများ သတ်မှတ်ခြင်း)

3.6.7 Create WBS (Work Breakdown Structure ရေးဆွဲ ဖန်တီးခြင်း)

3.6.8 Schedule Management Plan ရေးဆွဲခြင်း

3.6.9 Define Activities (လုပ်ဆောင်ရမည့် အလုပ်များ ရှာဖွေသတ်မှတ်ခြင်း)

3.6.10 Sequence Activities (လုပ်ဆောင်ရမည့် အလုပ်များ တစ်ခု စီအလိုက် ချိတ်ဆက်ခြင်း)

3.6.11 လိုအပ်သော Resource များ ခန့်မှန်းတွက်ချက်ခြင်း

3.6.12 လုပ်ဆောင်ရမည့် Activities များ၏ ကြာချိန်အား ခန့်မှန်း တွက်ချက်ခြင်း

3.6.13 Develop Schedule (Schedule ရေးဆွဲခြင်း)

3.6.14 Cost Management Plan ရေးဆွဲခြင်း

3.6.15 Estimate Costs (ကုန်ကျစရိတ်များ ခန့်မှန်းတွက်ချက်ခြင်း)

3.6.16 Determine Budget (ခန့်မှန်းတွက်ချက်ထားသောBudgetအား ဆုံးဖြတ်အတည်ပြုခြင်း)

3.6.17 Quality Management Plan ရေးဆွဲခြင်း

3.6.18 Resource Management Plan ရေးဆွဲခြင်း

3.6.19 Stakeholder Engagement Plan ရေးဆွဲခြင်း

3.6.20 Project အတွက် လိုအပ်သော ထောက်ပံ့ရေး အစီအစဉ်များရေးဆွဲခြင်း

3.6.21 Risk Management Plan ရေးဆွဲခြင်း

3.6.22 Project တွင် ဖြစ်ပေါ်လာနိုင်သော Risk များအား စုစည်း ရှာဖွေခြင်း

3.6.23 Perform Qualitative Risk Analysis

3.6.24 Perform Quantative Risk Analysis

3.6.25 Risk Response Plan များ ရေးဆွဲခြင်း

3.6.26 Communication ဆက်သွယ်ချိတ်ဆက်မှု ဆိုင်ရာ အစီအစဉ်များ ရေးဆွဲခြင်း

Project Execution

3.6.27 Project အတွက် လိုအပ်သော Resource များ ချိတ်ဆက်ခေါ်ယူခြင်း

3.6.28 Develop Team (Project Team ကို တိုးတက်အောင် လုပ်ဆောင်ခြင်း)

3.6.29 Manage Team (Project Team အား စီမံခန့်ခွဲခြင်း)

3.6.30 Manage Quality (အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲခြင်း)

3.6.31 Direct & Manage Project Work

3.6.32 Manage Project Knowledge

3.6.33 Stakeholder Engagement အား စီမံခန့်ခွဲခြင်း

3.6.34 Conduct Procurement

3.6.35 Implement Risk Response

3.6.36 Communication ဆိုင်ရာ စီမံခန့်ခွဲခြင်း

Project Monitoring & Controlling

3.6.37 Monitor and Control Project Work

3.6.38 Perform Integrated Change Control

3.6.39 Validate Scope (Scope များ စစ်ဆေးခြင်း)

3.6.40 Control Scope

3.6.41 Control Schedule

3.6.42 Control Costs

3.6.43 Control Quality

3.6.44 Stakeholder ချိတ်ဆက် ဆက်သွယ်မှုဆိုင်ရာအား စောင့်ကြည့် စစ်ဆေး ထိန်းညှိခြင်း

3.6.45 Monitor Risk

3.6.46 Control Procurement

3.6.47 Management

3.6.48 Control Resource


Project Closing

3.6.49 Project Closing (Project ပိတ်သိမ်းခြင်း)


3.6 Project Management 10 Knowledge Area Framework Overview

3.7 Project Management Tool & Technique Overview

## CHAPTER 1 PROJECT MANAGEMENT INTRODUCTION





၁၈ ရာစု အလယ်လောက်ကနေစပြီး Industrial Revolution (စက်မှုတောင်လှန်ရေး) ဖြစ်ပေါ်ပြီးနောက် စက်ရုံ အလုပ်ရုံများ တွင် အလုပ်လုပ်ကိုင်လာကြတဲ့ အလုပ်သမား ဦးရေများ အဆမတန် တိုးပွားလာခဲ့သည် ။ အလုပ်သမား ဦးရေ တိုးပွား လာတာနဲ့ အမျှ ယင်းအလုပ်သမား ဦးရေ များပြားလာတာနဲ့ အမျှ ဒီအလုပ်သမားတွေကို စီမံခန့်ခွဲရန် Management Thinking တွေ စတင် သုံးစွဲရန် လိုအပ်လာခဲ့ပါသည် ။




Management ကို Classical/Traditional Management , Behavioral Management, System Management, Contigency Management , Quality Management , Process Excellent / Six Sigma Quality Management ဟူ၍ စတင် သုံးစွဲချိန်မှ ယခု လက်ရှိ အချိန်ထိ သုံးစွဲနေခဲ့ကြသော Management View Point ၆ ခု ရှိပါသည် ။

**Ko Zar Ni (Project Management)**




1. Classical/Traditional Management - ခေတ်ဟောင်း (Late 18th Century) 1980 ခေတ်နောက်ပိုင်း

အပိုင်း ( ၃ ) ပိုင်း ခွဲခြား သတ်မှတ်ကာ စတင် တီထွင် သုံးစွဲလာခဲ့ကြပါသည် ။

1.1 Sciencfic Management (သိပ္ပံ နည်းကျ စီမံ ခန့်ခွဲမှု)

1.2 Bucrec Management (Top Down Organization) ဗျူရိုကရေစီဆန်ဆန် Top Direction, Down Recommand Organization Structure ပုံစံစီမံ ခန့်ခွဲခြင်း ။

1.3 Administrative Management (အုပ်ချုပ်မှု ပိုင်းဆိုင်ရာ စီမံ ခန့်ခွဲမှု)

2. Behavioral Management Viewpoint (1930 – 1950)

Company တွင် တိကျသေချာသော System ၊ SOP များ မရှိ ၊ Organization အတွင်းမှာ ရှိတဲ့ ကျွမ်းကျင်လုပ်သားများ၏ ကျွမ်းကျင်မှု ၊ အမှုအကျင့် ရှုထောင့်ပေါ် မူတည်ပြီး စီမံခန့်ခွဲခြင်း ဖြစ်သည် ။

3. System Management ViewPoint (1960 – 1970)

ကြီးမားသော စက်ရုံ တစ်ခုလုံးမှ စ သေးငယ်သော ကျွမ်းကျင်လုပ်သားများထိ လိုက်နာရမည့် Guadience၊ Rule & Regulation ၊ Process Map ၊ Standard Operation Procedure များရေးဆွဲကာ တိကျသော စံချိန် စံညွှန်း စံနှုန်းများ (Specification & Standardlization) ဖြင့် အလုပ်လုပ်ကိုင် စေသည် ။

4. Contigency Management Viewpoint (1960 – 1980)

စက်ရုံများ ၊ Project များလုပ်ငန်းများ လုပ်ဆောင်ရာတွင် မရေမသေချာမှု ၊ မမျှော်လင့်ဘဲ မှားယွင်းမှု ၊ ပျက်စီးမှုများ ကြုံတွေ့ရသောကြောင့် လုပ်ငန်းများ ရပ်တန့်ဆိုင်းငံ့ခြင်းများ ကြုံတွေ့ရသည် ။ထိုကဲ့သို့သော ကြိုတင်မမြင်နိုင်သော အရာများအား ကြိုတင်ကာကွယ်ခြင်း ၊ Risk များအားလျော့ချနိုင်ရန် နှင့် စီမံခန့်ခွဲနိုင်ရန် Contigency Management ကို တီထွင် သုံးစွဲ လာကြသည် ။

5. Quality Management Viewpoint (1980 – 1990)

စက်ရုံ ၊ အလုပ်ရုံများ နှင့် Project များ အလီလီ ပေါ်များလာတာနဲ့ အမျှ ပြိုင်ဆိုင်မှုများ ပြင်းထန်လာကြသည် ။ Product တစ်ခုနဲ့တစ်ခု ပြိုင်ဆိုင်လာတာနဲ့အမျှ Customer များ၏ လိုအပ်ချက်များ ၊ လိုအင် ဆန္ဒများကို အတတ်နိုင်ဆုံး ဖြည်ဆည်းပေးနိုင်ရန် အရည်အသွေး ဦးစားပေးသော Quality Management ကို စတင်သုံးစွဲ လာခဲ့ကြသည် ။

6. Process Excellent / Six Sigma Quality Management (1990 – Present)

နောက်ဆုံးပေါ် မိမိ၏ Product ကို ဝယ်ယူမည့် Customer များကို Satisfaction ကို 99.999% ရရှိစေရန် Customer Requirement များကို အသေးစိတ်ကစ သုသေသနပြုလေ့လာဆန်းစစ်ပြီး Process Improvement (နည်းစနစ်တိုးတက်ပြောင်းလဲမှုများ) ကို အမြဲတစေ လုပ်ဆောင်နေသော စီမံခန့်ခွဲမှုဖြစ်ပါသည် ။

**MANAGEMENT**

The attainment of Organizational goals in an effective and efficient manner through :

1. Planning
2. Organizing
3. Leading
4. Controlling organizational resources

Management ဆိုတာ မိမိရည်မှန်းထားသော ပန်းတိုင်ဆီသို့ သတ်မှတ်ထားသောအချိန်အတွင်းမှာ အပိုကုန်ကျမှုမရှိဘဲ မှန်ကန်မြန်ဆန်စွာ ရောက်ရှိခြင်းဖြစ်ပါတယ်။ မိမိရည်မှန်းထားသော Goal ဆီသို့ မည်သို့မည်ပုံ ရရှိလဲဆိုတာ သိရှိဖို့လိုအပ်ပါတယ် ။




Management Function (POLC)

Planning (Fail to Plan is Plan to Fail)

Plan (အစီအစဉ်)ရေးဆွဲရန် ပျက်ကွက်ခြင်းသည် လုပ်ငန်း ဆုံးရှုံးရန် Plan(အစီအစဉ်) ရေးဆွဲနေခြင်းပဲ ဖြစ်ပါတယ် ။ ကျွန်တော်တို့ Project ကို Strategy Planning တွေနဲ့တကွ Step by Step စီမံခန့်ခွဲနိုင်မှာသာ အပြောင်းအလဲတွေများတဲ့ Project တွေကို ကျွန်တော်တို့ အောင်မြင်အောင် လုပ်ဆောင်နိုင်မှာပါ ။

**Ko Zar Ni (Project Management)**

**Ko Zar Ni (Project Management)**

## MANAGEMENT

Organizing (စနစ်တကျ ဖွဲ့စည်း တည်ဆောက်ကာ အတူတကွ လုပ်ဆောင်တတ်ခြင်း)

စနစ်တကျ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း တစ်ခုမှာ ရှိတဲ့ Member ဝင်များအားလုံး ရည်မှန်ထားကြတဲ့ Project Goal ဆီသို့ အတူတကွ အောင်မြင်စွာ ရောက်ရှိရန် ညှိနှိုင်း ပေါင်းစပ် လုပ်ကိုင် ဆောင်ရွက်ခြင်းနှင့်အတူ Memberဝင်တိုင်း ပြီးစီးအောင် လုပ်ဆောင်ရမည့် အလုပ်တစ်ခုစီတိုင်းမှာ လိုအပ်တဲ့ Resouces (People, Raw Materials, Machine, Technology, Information, Budgeting,Etc) တွေကို စနစ်တကျ Allocation(နေရာချ) တာဝန်ခွဲဝေခြင်း ဖြစ်ပါသည် ။

Leading (ဦးဆောင်မှု ပြုခြင်း)

မရေရာ မသေချာမှုတွေများတဲ့ Project တွေမှာ လုပ်ဆောင်တဲ့ လုပ်ငန်းတွေမှာ အပြောင်းအလဲတွေ ရှိနိုင်မှာပါ ။ ကြိုတင် ချမှတ်ထား Plan အပြင်ကို အခြေအနေနဲ့ အချိန်အခါ ပေါ်မူတည်ပြီး မိမိ Team Member ဝင်များအားလုံးကို ဦးဆောင် လမ်းပြ ပေးနိုင်ဖို့လည်း အထူး လိုအပ်လှပါတယ် ။

Controlling Organizational Resources

Plan ချမှတ်ထားတဲ့ အတိုင်းလုပ်ဆောင်နေတဲ့ လုပ်ဆောင်ချက်များအားလုံး ဖြစ်တည် ကိုက်ညီမှု ရှိ/မရှိ စောင့်ကြည့်လေ့လာပြီး လိုအပ်သလို ထိန်းညှိ ပြောင်းလဲ မှန်ကန် အောင် လုပ်ဆောင်ဖို့လည်း လိုအပ်လှပါတယ် ။